## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၂၂)
# ဘုရားသခင်သည်မျှမျှတတရှိပါသလား

လူငယ်တစ်ဦးသည် မိသားစုစားပွဲပေါ်တွင် မိမိအိမ်စာကိုရေးသားနေစဉ် လူဆိုးဂိုဏ်းအဖွဲ့၏ ကျည်ဆန်ထိမှန်သောကြောင့် သေဆုံးသွားသည်။ နယ်၌ရှိသောမိခင်တစ်ဦး၏ ကလေးသည်လည်း ခုခံအားကျဆင်းသောရောဂါပိုးပါရှိသည့်သွေးကိုထည့်သွင်းမိသည့်အတွက် ဒုက္ခတွေ့လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကမ္ဘာကြီးတွင် အခက်အခဲဒုက္ခများဆက်တိုက်ဖြစ်နေသည်ကိုတွေ့ရသည်။ ထိုဒုက္ခအားလုံးတို့၏ အတွက်ကိုဖြေရှင်းရန်လိုလျက်ရှိပါသည်။ အကျိုးမရှိသောခံစားမှုနှင့်သေခြင်းရှိကမ္ဘာတွင် ဘုရားသခင်ကိုတမ်းတလျက်ရှိပါသည်။ ဆာလံဆရာကြီး၏ အားပေးချက်အရ၊ ကမ္ဘာကြီးသည်ဘုရားသခင်၏ ကျေးဇူးတော်နှင့်ပြည့်ဝကြောင်းကတိပေးခဲ့ပါသည်။ (ဆာလံ ၃၃း၅)။ သို့ရာတွင် ဤကျမ်းချက်သည် မှန်လျှင်ဘာကြောင့်ဝမ်းနည်းဖွယ်ရာဒုက္ခနှင့်ဖြစ်ပေါ်စေသနည်း။ Revelation ၂၀ တွင်ဘုရားသခင်သည် အပြစ်နှင့်ဒုက္ခခံစားမှုဟူသရွေ့ကိုအဆုံးသတ်မည်ဟုပြောပြထားပါသည်။

### ၁။ အနှစ်တစ်ထောင်အဖြစ်အပျက်ကိုရှင်းလင်းပြခြင်း

Revelation ၂၀ တွင်အနှစ်တစ်ထောင်အချိန်ကာလ ခရစ်တော်ဒုတိယအကြိမ်ကြွလာအပြီးတွင်ဖြစ်ပျက်မည့်အကြောင်းအရာကိုရည်ညွှန်းထားကြောင်းသိရသည်။ အနှစ်တစ်ထောင်အချိန်ကာလပတ်ဝန်းကျင်တွင် ခရစ်တော်နှင့်စာတန်တို့၏ နောက်ဆုံးတိုက်ခိုက်မှုများတို့သည် ကမ္ဘာပေါ်တွင်အပြစ်ဝင်လာသည့်အချိန်အခါမှစ၍ ပြီးဆုံးခါနီးဖြစ်ကြောင်းသိရသည်။ ဤတိုက်ခိုက်မှုသည် ထိုစဉ်ကကောင်းကင်ရှိစာတန်သည် ခရစ်တော်ကိုမနာလိုသောကြောင့် အပြစ်မရှိသောကောင်းကင်တမန်များကိုစည်းရုံးကာ ကောင်းကင်တိုက်ပွဲတွင်အရေးနိမ့်ခဲ့သောကြောင့် မြေကြီးပေါ်သို့နှင်ချခြင်းခံရလေသည်။ မြေကြီးပေါ်တွင်လည်း ဧဒင်ဥယျာဉ်၌တိုက်ခိုက်မှုကိုပြန်လည်ဆင်နွှဲ၍ လူများတို့ကိုသွေးထိုးကာ ခရစ်တော်ကိုလက်ဝါးကပ်တိုင်၌ရိုက်စေခဲ့သည်။ (ဤအကြောင်းအသေးစိတ်ကို လမ်းညွှန် "၃" တွင်ပြန်လည်ဖတ်ရှုပါ)။ ဤတိုက်ခိုက်မှုကြီးကို နောက်ဆုံးအနှစ်တစ်ထောင်ပြီးသည့်ကာလတွင် အပြစ်ကိုအဆုံးစီရင်ကာ ကမ္ဘာကြီးကိုခရစ်တော်ကိုယ်တိုင်အုပ်စိုးမည်ဖြစ်သည်။ Revelation ၂၀ တွင်ကျွန်ုပ်တို့သိရှိနားလည်နိုင်ရန် အနှစ်တစ်ထောင်၏ ကြားကာလကို ပထမအပိုင်းထမြောက်ရှင်ပြန်ခြင်းနှင့် နောက်ဆုံးထမြောက်ရှင်ပြန်ခြင်းရှိမည့်အကြောင်းဖော်ပြထားသည်။ ပထမထမြောက်ရှင်ပြန်ခြင်းအကြောင်းနှင့် အနှစ်တစ်ထောင်အစတွင် ဘုရားသခင်သည် မည်ကဲ့သို့သောသူကိုထမြောက်ရှင်ပြန်စေမည်နည်း။ "ပထမထမြောက်ခြင်းကိုဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏။ ထိုသို့သောသူသည် ဒုတိယသေခြင်း၏ လက်နှင့်ကင်းလွတ်လျက် ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ ယဇ်ပုရောဟိတ်ဖြစ်၍ အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့်အတူစိုးစံရကြလိမ့်မည်" (ဗျာ၊ ၂၀း၆)။

ထိုမင်္ဂလာရှိသန့်ရှင်းသောသူတို့သည် ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်လက်ခံသောသူများဖြစ်၏။ ထိုသူတို့သည် ပထမထမြောက်ခြင်းတွင်ပါဝင်သောသူဖြစ်သည်။ ထိုသန့်ရှင်းသောသူတို့သည် ခရစ်တော်နှင့်အတူအုပ်စိုးရသောအခွင့်၊ အနှစ်တစ်ထောင်အခွင့်အရေးရှိလျှင် သူတို့သည်အနှစ်တစ်ထောင်၏အစတွင် ထမြောက်ရှင်ပြန်သောသူဧကန်အမှန်ဖြစ်ရမည်။ ဒုတိယထမြောက်ခြင်းအနှစ်တစ်ထောင်ပြီးဆုံးသည့်ကာလထမြောက်ခြင်းသည် မည်သူမည်ဝါဖြစ်မည်နည်း။ "ကြွင်းသောလူသေတို့သည် ထိုအနှစ်တစ်ထောင်မကုန်မီအသက်မရှင်ရကြ" (ဗျာ၊ ၂၀း၅)။ ထိုကြွင်းသောလူသေဟုဆိုရာတွင် အနက်မှာ– အပြစ်ရှိသောလူသေများဖြစ်၏။ အကြောင်းမှာ မင်္ဂလာနှင့်ပြည့်ဝ၍ သန့်ရှင်းသောသူတို့သည် အနှစ်တစ်ထောင်အစတွင်ထမြောက်ကြသည်။ ထို့ကြောင့် အနှစ်တစ်ထောင်ကာလအတွင်းထမြောက်ခြင်းနှစ်ခုဖြင့် ပိုင်းခြားထားသည်။ အနှစ်တစ်ထောင်အစတွင် သန့်ရှင်းသောသူတို့၏ထမြောက်ခြင်းနှင့် အနှစ်တစ်ထောင်အဆုံးတွင် အပြစ်ရှိသောသူတို့၏ထမြောက်ခြင်းဖြင့်နိဂုံးချုပ်မည်။

## ၂။ ခရစ်တော်ကြွလာသောအခါထမြောက်ခြင်း

သန့်ရှင်းသူတို့၏ပထမထမြောက်ခြင်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ၌ဖြစ်သည်။ "သခင်ဘုရားသည်ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်မှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါအသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှါ ထိုသူတို့နှင့်တကွမိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် ဘုရားသခင်နှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည်" (၁သက် ၄း၁၆၊ ၁၇)။ ခရစ်တော်သည် တစ်ဖန်မြေကြီးသို့ပြန်လာသောအခါ သေသောသူကိုထမြောက်ရှင်ပြန်စေ၍ သူတို့နှင့်အတူအသက်ရှင်သောသန့်ရှင်းသူတို့နှင့်တကွ ကောင်းကင်သို့ယူဆောင်သွားမည်ဖြစ်သည်။ အကြောင်းမှာ အပြစ်သားများတို့သည် အပြစ်များကိုစွဲကိုင်လျက်ရှိသောကြောင့် ဘုရားသခင်နှင့်အတူနေရန်မဖြစ်ပါ။ ခရစ်တော်ကြွလာသောအခါ သူတို့ကိုဖျက်ဆီးပစ်မည် (လုကာ ၁၇း၂၆–၃၀)။ သင်သည်အချိန်ရှိလျှင် လမ်းညွှန်း (၈) ကိုပြန်လည်လေ့လာပါ။ ထိုအခန်းတွင် ခရစ်တော်ကြွလာခြင်းအကြောင်းနှင့်ရေးသားထားသည်။

## ၃။ စာတန်သည် ဤကမ္ဘာကြီးပေါ်တွင်နှစ်ပေါင်းတစ်ထောင်ပတ်လုံးသံကြိုးဖြင့်ချည်နှောင်ထားသည်

အနှစ်တစ်ထောင်အစ၌ သန့်ရှင်းသောသူတို့သည် ခရစ်တော်နှင့်အတူ ကောင်းကင်သို့တက်ကြွသွားသည်။ အပြစ်ရှိသောသူအားလုံးတို့သည်သေကုန်ကြသည်။ ဤကမ္ဘာကြီးပေါ်တွင် အနှစ်တစ်ထောင်ကာလအတွင်း မည်ကဲ့သို့ဖြစ်မည်နည်း။ "တစ်ဖန်ကောင်းကင်တမန်သည် အနက်ဆုံးသောတွင်း၏သော့နှင့်သံကြိုးကြီးကိုကိုင်လျက် ကောင်းကင်ကဆင်းသက်သည်ကိုငါမြင်၏။ ရှေးမြွေဟောင်းစာတန်နတ်ဆိုးတည်းဟူသောနဂါးကိုကိုင်ဖမ်း၍ အနှစ်တစ်ထောင်သို့ချည်နှောင်လေ၏။ အနှစ်တစ်ထောင်မကုန်မီတိုင်အောင် လူအမျိုးမျိုးတို့ကိုမလှည့်ဖြားရမည့်အကြောင်း အနက်ဆုံးသောတွင်းထဲသို့ချပစ်လှောင်ထား၍တံဆိပ်ခတ်လေ၏။ အနှစ်တစ်ထောင်ကုန်ပြီးမှ တစ်ဖန်ခဏလွှတ်ရဦးမည်" (ဗျာ၊ ၂၀း၁–၃)။ ခရစ်တော်ကြွလာသောအခါ အနှစ်တစ်ထောင်အတွင်း၌ စာတန်နတ်ဆိုးကိုသံကြိုးဖြင့်ချည်နှောင်မည်ဖြစ်သည်။ စာတန်နတ်ဆိုးကိုမည်သည့်နေရာတွင်အကျဉ်းချထားမည်နည်း။ နက်သောတွင်း (ကမ္ဘာ ၁း၂။ ဟေလသဘာသာဖြင့်ရေးသားသောကျမ်းစကားအရ၊ ကမ္ဘာကြီးသည် ဖန်ဆင်းစကရှိရင်းစွဲအခြေအနေမျိုးကိုဆိုလိုသည်)။ ထိုနေရာတွင် ဘုရားသခင်သည် စာတန်ကိုအကျဉ်းချထားမည်။

ကျမ်းစာအရ၊ စာတန်ကိုသံကြိုးကြီးဖြင့်ချည်နှောင်မည်ဟုလာသည်။ ဤသံကြိုးကြီးသည် အမှန်ပင်သံကြိုးဖြစ်မည်လော၊ မဟုတ်ပါ။ ဤသံကြိုးသည် အရိပ်ဖြစ်၍ ပတ်ဝန်းကျင်တွင် လူသူမရှိသောနေရာ၌ချည်နှောင်ခြင်းခံရသကဲ့သို့ဖြစ်မည်။ စာတန်နတ်ဆိုးသည် လူတို့ကိုဤအနှစ်တစ်ထောင်အတွင်းအလွန်သွေးဆောင်လိုသော်လည်း လူတစ်ဦးမျှမရှိ

သောကြောင့် အခြေအနေအရချုပ်နှောင်ထားသောသံကြိုးဖြစ်သည်။ သို့ရာတွင် သန့်ရှင်းသူတို့ကိုသွေးဆောင်ရန်လည်း သူရှိသောကမ္ဘာတွင်သန့်ရှင်းသူတစ်ဦးမျှမရှိပါ။ သန့်ရှင်းသူအပေါင်းတို့သည် ကောင်းကင်သို့ရောက်ရှိပြီးဖြစ်သည်။ သူဦးဆောင်ရန်လည်း အပြစ်သားအားလုံးတို့သည်သေဆုံးပြီးဖြစ်သည်။ ဤလောကမြေကြီးပေါ်တွင် မြေမှုန့်ဖြစ်ကြလေသည်။ လူသားများကိုလိမ်လည်ရန်နှင့် သွေးဆောင်ရန်မတတ်နိုင်တော့ပါ။ ဤကမ္ဘာကြီးကိုပတ်၍ရှာသော်လည်း လူမရှိသောကြောင့် သူဖြစ်စေခဲ့သောဝမ်းနည်းဖွယ်အဖြစ်အပျက်များကိုတွေးဆစဉ်းစားကာသာနေရသည်။

## ၄။ သန့်ရှင်းသူတို့သည်အပြစ်သားများတို့ကိုစီရင်ခြင်း

ဤအနှစ်တစ်ထောင်ကာလသည် တရားစီရင်ရာကာလဖြစ်သည်။ ဤတရားစီရင်ခြင်းသည်လည်း အဆင့်လေးဆင့်ရှိပါသည်။

(၁) ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ သန့်ရှင်းသူများတို့ကိုကြိုတင်၍တရားစီရင်ခြင်း။

(၂) ဒုတိယအကြိမ်ကြွလာသောအခါ သန့်ရှင်းသူတို့ကိုဆုလာဘ်ပေးခြင်း။

(၃) အနှစ်တစ်ထောင်ကာလတွင် အပြစ်ရှိသူများကိုတရားစီရင်ခြင်း။

(၄) စာတန်နတ်ဆိုးနှင့်အပြစ်သားများကိုအနှစ်တစ်ထောင်အပြီးတွင်စီရင်ခြင်း၊ ပိုမိုသိရှိနားလည်နိုင်ရန် (လမ်းညွှန် ၁၃ ကိုဖတ်ရှုလေ့လာပါ)။

ကျွန်ုပ်တို့သည် ယခုအဆင့် (၃) နှင့် (၄) ကိုအပြစ်ရှာဖွေခြင်းနှင့်အပြစ်စီရင်ခြင်းကိုလေ့လာမည်။ ယခုမြင်ရသည့်အတိုင်း သေလျက်ရှိသောသန့်ရှင်းသူတို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ကောင်းကင်သို့ခေါ်ဆောင်သွားပြီးဖြစ်သည်။ သူတို့သည် ကောင်းကင်၌အနှစ်တစ်ထောင်အတွင်းနေသားတကျဖြစ်နေပြီး သူတို့မည်သည့်အရာများလုပ်ဆောင်မည်နည်း။ “သန့်ရှင်းသူတို့သည် လောကနိုင်ငံကိုတရားစီရင်မည်ဟုမသိကြသလော၊ သင်တို့သည် လောကနိုင်ငံကိုတရားစီရင်မည်ဟုမသိကြသလော၊ သင်တို့သည် လောကနိုင်ငံကိုစီရင်ရသည်မှန်လျှင် အငယ်ဆုံးသောအမှုများကိုမစီရင်ထိုက်သလော၊ ငါတို့သည်ကောင်းကင်တမန်တို့ကိုတရားစီရင်မည်ဟုမသိကြသလော၊ သို့ဖြစ်၍ လောကအမှုကိုစီရင်ထိုက်သည်မဟုတ်လော” (၁ကော ၆း၂၊ ၃)။ “ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကိုရကြ၏။ သားရဲနှင့်သူ၏ရုပ်တုကိုမကိုးကွယ်၊ သူ၏တံဆိပ်လက်မှတ်ကိုနဖူး၌မခံ၊ လက်၌မခံဘဲနေ၍ ယေရှု၏သက်သေခံတော်မူချက်နှင့် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကြောင့် လည်ပင်းဖြတ်ခြင်းခံရသောသူတို့၏ဝိညာဉ်များကိုငါမြင်၏။ သူတို့သည်အသက်ရှင်၍ အနှစ်တစ်ထောင်ပတ်လုံးခရစ်တော်နှင့်အတူစိုးစံကြရ၏” (ဗျာ၊ ၂၀း၄)။ အနှစ်တစ်ထောင်ကာလအတွင်းတွင် သန့်ရှင်းသူတို့သည် အပြစ်ရှိသောသူများတို့နှင့် အပြစ်ရှိသောကောင်းကင်တမန်များတို့၏မှတ်တမ်းများကိုလေ့လာစစ်ဆေးမည်။ သူတို့၏ခေါင်းဆောင်စာတန်နတ်ဆိုးလည်းပါဝင်မည်။ ဧဝံဂေလိတရားကြောင့် ဒုက္ခဆင်းရဲခြင်းနှင့်ယုံကြည်ခြင်းကြောင့် အသတ်ခံရသောသူတို့သည် အပြစ်များကိုစစ်ဆေး၍ ဘုရားသခင်၏တရားစီရင်ခြင်းသည် ဖြောင့်မတ်ကြောင်းနှင့်သင့်လျော်ကြောင်းများကိုတွေ့မြင်လိမ့်မည်။ ဘုရားသခင်သည် မိမိမေတ္တာတော်ဖြင့် အပြစ်သားများတို့၏စီရင်ခြင်းကိုလေ့လာသုံးသပ်ရန် သန့်ရှင်းသူတို့အားအခွင့်ပေးမည်။ ကျွန်ုပ်တို့၌လည်းမေးခွန်းများစွာရှိပေမည်။ ဥပမာ– ကျွန်ုပ်၏အဒေါ်သည်ဘာကြောင့်ကယ်တင်ခြင်းမရသနည်း။ သူသည် ကောင်းသောသူဖြစ်သည်ဟုထင်မြင်ရသော်လည်း သူ၏အသက်တာမှတ်တမ်းကိုစစ်ဆေးသောအခါ (ဗျာ၊ ၂၀း၁၂) ကျွန်ုပ်တို့ကိုယ်တိုင်မသိလိုက်မမြင်လိုက်သောမှတ်တမ်းများကိုသိမြင်လိုက်သောအခါ ဘုရားသခင်၏စီရင်ခြင်းသည်မှန်ကန်ကြောင်း၊ တရားကြောင်းကိုသိမြင်လိမ့်မည်။ ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်က နောင်တရ၍ ဘုရားသခင်ထံတော်သို့ပြန်လာရန် တိုက်တွန်းသွေးဆောင်သောအခါ ဘုရားသခင်၏တာဝန်ကျေပွန်ကြောင်း၊ မျှတသောတရားစီရင်ခြင်းဖြစ်ကြောင်း၊ မျက်ဝါးထင်ထင်မြင်ရသောအခါ ကျေနပ်နှစ်သိမ့်ခြင်းရမည်။

## ၅။ အနှစ်တစ်ထောင်ပြီးဆုံးသောကာလတွင် စာတန်နတ်ဆိုးသည်ချည်နှောင်ခြင်းမှလွတ်မည်

နှစ်တစ်ထောင်ပြီးဆုံးသည့်ကာလ၌ "သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီးကဲ့သို့ပြင်ဆင်လျက် ဘုရားသခင်ထံတော်ကောင်းကင်မှဆင်းသက်သည်ကို ငါမြင်၏" (ဗျာ၊ ၂၁း၂)။ ဤလုပသောမြို့သည် ကျွန်ုပ်တို့အတွက်ဖြစ်ခဲ့လေပြီ။ ယခုတွင် ဤလုပသောမြို့သည် ခရစ်တော်နှင့်ကယ်တင်ခြင်း ခံရသောသူအပေါင်းနှင့်တကွ ကောင်းကင်မှမြေကြီးသို့ဆင်းသက်ကြွလာမည်။ ထိုအခါ အနှစ်တစ်ထောင်ပြီးဆုံးသောကာလ၌ စာတန်နတ်ဆိုးသည် မည်ကဲ့သို့ပြုလုပ်မည်နည်း။ "ထိုအနှစ်တစ်ထောင်ကုန်ပြီးမှ စာတန်နတ်ဆိုးသည် ထောင်ထဲကလွတ်သော အခွင့်ကိုရ၍ အရေအတွက်အားဖြင့် သမုဒ္ဒရာသဲလုံးနှင့်အမျှများသော ဂေါဂ၊ မာဂေါဂ တည်းဟူသောမြေကြီးလေးမျက်နှာပေါ်မှာ နေသောလူအမျိုးမျိုးတို့ကိုလှည့်ဖြားအံ့သောငှါလည်းကောင်း၊ တိုက်ခိုက်ဖို့စည်းဝေးခြင်းငှါလည်းကောင်း တက်လိမ့်မည်။ ထိုသူများတို့သည် မြေကြီးမျက်နှာပေါ်သို့တက်၍ သန့်ရှင်းသူတို့၏တပ်ကိုလည်းကောင်း၊ ချစ်ဖွယ်သောမြို့တော်ကိုလည်းကောင်း ဝိုင်းကြ၏။ ထိုအခါ ဘုရားသခင်အထံတော် ကောင်းကင်မှမီးကျ၍ သူတို့ကိုမျိုလေ၏" (ဗျာ၊ ၂၀း၇–၉)။ အပြစ်သားတို့သည် ဒုတိယအကြိမ်ထမြောက်ရှင်ပြန်၍ အနှစ်တစ်ထောင်အပြီးတွင် သန့်ရှင်းသူနှင့် သန့်ရှင်းသောမြို့ကိုတိုက်ရန်စစ်ချီလေသည်။ စာတန်နတ်ဆိုးသည် ခဏ လွတ်မြောက်ခြင်းရရှိ၍ သန့်ရှင်းသူများကိုတိုက်ရန်အချိန်မဖြုန်းဘဲ စစ်ချီလေသည်။ စာတန်နတ်ဆိုးသည် စစ်သူရဲတပ်ကို အလျင်အမြန်ဖွဲ့စည်း၍ သန့်ရှင်းသောမြို့ကိုတိုက်ရန်စစ်ချီစေသည်။ အပြစ်သားတို့သည် စစ်ရေးပြင်ဆင်နေစဉ် ကောင်းကင်မှမီးကျကာ ထာဝရဖျက်ဆီးခြင်းခံရလေသည်။

## ၆။ နောက်ဆုံးတရားစီရင်ခြင်း၏မြင်ကွင်း

ဤအချိန်အခါ၌ရှိသမျှသောလူအပေါင်းတို့သည် မျက်နှာချင်းဆိုင်စုရုံးကာ ခရစ်တော်သည်သန့်ရှင်းသောသူတို့ကို လည်းကောင်း၊ သန့်ရှင်းသောမြို့တွင်းမှာစည်းရုံးကာ စာတန်နတ်ဆိုးသည်လည်း သူ၏အပြစ်သားများကိုလည်းကောင်း မြို့ရိုးအပြင်၌စည်းရုံးကာ တရားစီရင်ခြင်းကိုရင်ဆိုင်ရန် အသီးသီးတရားဆိုင်ရန်လာကြသည်။ "တစ်ဖန်တုံဖြူသောပလ္လင်ကြီးကို လည်းကောင်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကိုလည်းကောင်း ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှာ ပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသောစာစောင်ကိုလည်းဖွင့်လေ၏။ သေလွန်သော သူတို့သည် မိမိတို့အကျင့်အတိုင်းစာစောင်တို့၌ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏" (ဗျာ၊ ၂၀း၁၁၊ ၁၂)။ အပြစ်သားတို့သည် ပလ္လင်တော်ရှေ့မှာတရားရင်ဆိုင်ရန်လာကြသောအခါ ကောင်းကင်မှတ်တမ်းစာရင်းကိုဖွင့်၍ လုပ်ခဲ့သော အပြစ်အကြောင်းများတို့ကိုဖွင့်ပြလေ၏။ ထိုစာစောင်ထဲတွင် ယောကျ်ား၊ မိန်းမ၊ ကောင်းကင်တမန်တစ်ဦးစီတို့ကို ခရစ်တော်တည်း ဟူသောဖြောင့်မတ်သောတရားသူကြီးသည် နောက်ဆုံးလေ့လာရန်အတွက်လုပ်ခဲ့သောအပြစ်အသေးစိတ်တို့ကိုဖွင့်ပြလေသည်။ စကြဝဠာကြီးတစ်ခုလုံးသည် စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာပြီးသည့်နောက်ပိုင်းတွင် ခရစ်တော်သည် ကယ်တင်ခြင်းခံရသော လုပ်ငန်းနှင့်ပတ်သက်၍ သူ၏ကယ်တင်ခြင်းလုပ်ငန်းကိုရှင်းပြလေသည်။ ခရစ်တော်သည် နှောင်တရသောအပြစ်သားများကိုရှာဖွေ၍ ကယ်တင်ခြင်းငှါလာကြောင်း၊ ထိုကယ်တင်ခြင်းသည် ခရစ်တော်ကိုယ်တိုင် မိမိအသက်ကိုလက်ဝါးကပ်တိုင်ပေါ်မှာပေးအပ် ကယ်တင်ခဲ့ရကြောင်း၊ ယခုအချိန်တွင်မူ ကောင်းကင်ဗိမာန်တော်ထဲတွင် လူများအတွက်ယဇ်ပုရောဟိတ်အဖြစ် ဘုရားသခင်၏ ရှေ့တော်တွင်ရှိနေကြောင်း၊ နောက်ဆုံးတွင်ခရစ်တော်၏ကယ်တင်ခြင်းကိုငြင်းဆန်သောသူတို့အတွက် အပြစ်၏အဖိုးအခကို သတ်မှတ်ရလေသည်။ "သင်သည် ညီအစ်ကိုချင်းကိုအဘယ်ကြောင့်စစ်ကြောစီရင်သနည်း။ ညီအစ်ကိုချင်းကို အဘယ်ကြောင့် မထီမဲ့မြင်ပြုသနည်း။ ငါတို့ရှိသမျှသည် ခရစ်တော်၏တရားပလ္လင်ရှေ့သို့ရောက်ရကြမည်။ ကျမ်းစာလာသည်ကား၊ ငါအသက် ရှင်တော်မူသည်ဖြစ်၍ ငါ့ရှေ့၌လူတိုင်းဒူးထောက်ရမည်။ ဘုရားသခင်အားလူတိုင်းမိမိနှုတ်ဖြင့်သစ္စာခံရမည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏" (ရောမ ၁၄း၁၀၊ ၁၁)။ "ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍

မထင်မှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ဖွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာ တို့ထက်ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ ရှိသောသတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကိုဒူးထောက်၍ ယေရှုခရစ်သည်သခင် ဖြစ်တော်မူ၏ဟုနှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရားသခင်၏ဘုန်းအသရေတော်ကိုထင်ရှားစေကြမည့်အကြောင်းတည်း” (ဖိလိပ္ပိ ၂း၅–၁၁)။ ကမ္ဘာကြီးပေါ်၌အပြစ်ရောက်လျှင်ရောက်ချင်း စာတန်နတ်ဆိုးသည် ဘုရားသခင်အားမတရားကြောင်းဖြင့် အပြစ်ရှာအပုပ်ချသည်။ ယခုမူကား၊ ကောင်းမွန်စွာပြေလည်ဖြေရှင်းသွားတော့သည်။ စကြဝဠာရှိလူအပေါင်းတို့က ခရစ်တော် သည်တရားမျှတကြောင်း၊ မေတ္တာနှင့်ပြည့်ဝကြောင်းသိရှိလာတော့သည်။ ဘုရားသခင်၏အစီအစဉ်နှင့်အလုပ်အကိုင်တို့သည် ဆင်ပြောင်ကြီးကွင်းထဲရောက်နေသလိုရှင်းရှင်းမြင်ရတော့သည်။

## ၇။ အပြစ်၏နောက်ဆုံးနိဂုံး

ဘုရားသခင်၏ဂုဏ်သိက္ခာနှင့်ပညတ်တရားတို့သည် ပြစ်တင်ခြင်းမှလွတ်ကင်းကြောင်းတွေ့မြင်ရလေသည်။ ကယ်တင်ခြင်း ခံရသောသူနှင့်အပြစ်ပြုလုပ်သောကောင်းကင်တမန်အပြစ်သားစာတန်ကိုယ်တိုင်ပင်လျှင် သူ၏လုပ်ငန်းနှင့် သူ၏အကျင့်ကောင်း တို့သည်မှားကြောင်း၊ ဘုရားသခင်၏လမ်းသည်ဖြောင့်မတ်၍ တရားကြောင်း အားလုံးဝန်ခံကြလိမ့်မည်။ လူတိုင်းတို့သည် ဆိုးညစ်သောစိတ်သဘောနှင့် တစ်ကိုယ်ကောင်းရှိသောစိတ်သဘောတို့သည် ကျေနပ်မှုမရှိခြင်းနှင့် ပျော်မွေ့မှုမရှိကြောင်း သိမြင်ကြလေသည်။ အပြစ်သည် နောက်ဆုံးတွင်စီရင်မှုနှင့်ရင်ဆိုင်ရမည်။ စာတန်နှင့်သူ၏အပေါင်းပါတို့သည် ဘုရားသခင်၏လမ်း မှန်ကန်ကြောင်းထောက်ခံသော်လည်း မိမိတို့၏စိတ်သည်ပြောင်းလဲခြင်းမရှိပါ။ သူတို့၏အကျင့်များသည် အပြစ်နှင့်ပြည့်ဝ လျက်ရှိပါသည်။ နောက်ပိုင်းတရားစီရင်ခြင်းအဆုံးတွင် အပြစ်သားတို့နှင့်ထိုသူများ တို့သည် မြေကြီးမျက်နှာပေါ်သို့တက်၍ သန့်ရှင်းသူတို့ကိုလည်းကောင်း၊ ချစ်ဖွယ်သောမြို့တော်ကိုလည်းကောင်း ဝိုင်းကြ၏။ ထိုအခါ ဘုရားသခင်အထံတော် ကောင်းကင်မှမီးကျ၍ သူတို့ကိုမျိုလေ၏။ သူတို့ကိုလှည့်ဖြားသောစာတန်နတ်ဆိုးကိုလည်း သားရဲနှင့်ပုရောဖက်တုရှိရာ ကန့်နှင့်ရောနှောသောမီးအိုင်ထဲသို့ချပစ်လျှင် သူတို့သည်နေ့ညမပြတ် ကမ္ဘာအဆက်ဆက်ပြင်းစွာသောနာကျင်မှုကိုခံရကြလတ္တံ့။ တစ်ဖန်တံဖြူသောပလ္လင်ကြီးကိုလည်းကောင်း၊ ပလ္လင်ပေါ်မှာထိုင်သောသူကိုလည်းကောင်း ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှာပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေသည်ကို ငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသောအခြားတစ်ပါးသောစာစောင်ကိုလည်းဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏။ သမုဒ္ဒရာတို့သည် မိမိ၌ရှိသောလူသေတို့ကိုအပ်ပေး၏။ မရဏာနှင့်မရဏာနိုင်ငံသည်လည်း မိမိတို့၌ရှိသောလူသေတို့ကို အပ်ပေးကြ၏။ လူအသီးသီးတို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကိုခံရကြ၏။ ထိုအခါ မရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း။ အသက်စာစောင်၌စာရင်းမဝင်သောသူရှိသမျှတို့ကို လည်း မီးအိုင်ထဲသို့ချပစ်လေ၏” (ဗျာ၊ ၂၀း၉–၁၅)။

ထာဝရဘုရားသခင်၏မီးသည် နောက်ဆုံးတရားစီရင်သောအခါ အပြစ်နှင့်အပြစ်၌ငြိတွယ်သောသူအပေါင်းတို့ကို ဖျက်ဆီးမည်ဖြစ်သည်။ စာတန်နတ်ဆိုးနှင့်ပျောက်ဆုံးသောသူအပေါင်းတို့သည် ဒုတိယသေခြင်းကိုတွေ့ရသည်။ သူတို့၏ ဆန့်ကျင်သောစိတ်ထားအမြင်တို့သည် အမှန်တကယ်ပျော်မွေ့ခြင်းဖြစ်သောနိုင်ငံနှင့်မသင့်တော်ပါ။ ထိုအပြစ်သားအပေါင်းတို့သည် စာတန်နတ်ဆိုးနှင့်တကွ အပြစ်ပြုလုပ်သောကောင်းကင်တမန်တို့သည် ဖျက်ဆီးခြင်းခံရ၏။ ကောင်းကင်မှမီးကျလာသောမီးသည် အပြစ်ကြောင့်ပျက်စီးလျက်ရှိသောကမ္ဘာကြီးကိုဆေးကြောသန့်စင်ပေးကာ နောက်ဆုံးတွင် ဤကမ္ဘာကြီးသည် ဘုရားသခင် အတွက်ကမ္ဘာသစ်ဖြစ်လေသည်။ နောက်တစ်ဖန်အပြစ်မရောက်နိုင်ရာ (နာဟုံ ၁း၉)။ ခရစ်တော်နှင့် စာတန်နတ်ဆိုးတို့၏တိုက်လှန် ပွဲသည် နောက်ဆုံးတွင်ပြီးလေပြီ။ အပြစ်၏ဇာတ်လမ်းသည်လည်း နိဂုံးချုပ်ခဲ့လေသည်။ ဖြောင့်မတ်သန့်ရှင်း၍ ကယ်တင်ခြင်း ခံရသောလူသားများတို့အတွက်မူကား ဘုန်းတန်ခိုးနှင့်အကန့်အသတ်မရှိသောတိုးတက်ကြီးပွားမှုများရရှိပေတော့သည်။

## ၈။ ကမ္ဘာကြီးကိုဆေးကြော၍ ကမ္ဘာသစ်ဖြစ်စေသည်

ဤကမ္ဘာကြီးကိုမီးဖြင့်ဆေးကြောစီရင်ပြီးသည့်နောက်ပိုင်းတွင် ဘုရားသခင်သည် ကမ္ဘာသစ်ကိုထပ်မံဖန်ဆင်းပြုပြင်လိုက်သည်။ "ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား ရှေးကောင်းကင်နှင့်ရှေးမြေကြီးသည်ရွေ့သွားကြပြီ။ ထိုအခါမှစ၍ သမုဒ္ဒရာမရှိ၊ သန့်ရှင်းသောမြို့တည်းဟူသောယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီးကဲ့သို့ပြင်ဆင်လျက် ဘုရားသခင့်အထံတော်ကောင်းကင်ဘုံမှဆင်းသက်သည်ကိုငါမြင်၏။ ကောင်းကင်မှကြီးသောအသံကား ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူတည်ရှိတော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင်သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏မျက်စိ၌မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။ နောက်တစ်ဖန်သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဖူးသောအရာတို့သည်ရွေ့သွားကြပြီ။ ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူကလည်း ငါသည်ခပ်သိမ်းသောအရာတို့ကိုအသစ်ဖန်ဆင်းသည်ဟုမိန့်တော်မူ၏။ တစ်ဖန်တုံရေးထားလော့။ ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သောစကားဖြစ်၏ဟူလည်းကောင်း အမှုပြီးပြီ" (ဗျာ၊ ၂၁း၁–၅)။ မူရင်းလုပခဲ့သကဲ့သို့ ဤကမ္ဘာကြီးကိုဖန်ဆင်းပြီး အဆုံးတွင် ကယ်တင်ခြင်းခံရသောသူတို့သည် မိမိနေအိမ်အဖြစ်ခေတ်အဆက်ဆက်နေထိုင်သွားရမည်။ တစ်ကိုယ်ကောင်းစိတ်မှလည်းကောင်း၊ ဖျားနာခြင်းမှလည်းကောင်း၊ နာကျင်ခြင်းမှလည်းကောင်း လွတ်ကင်း၍ စကြဝဠာကြီးကိုလေ့လာစူးစမ်းရန်အချိန်ဖြစ်တော့မည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း အစပြုရတော့မည်။ ကပ်ကာလအဆက်ဆက် ခရစ်တော်၏ခြေတော်ရင်း၌ထိုင်ကာ တရားတော်မြတ်ကိုနာခြင်း၊ တရားသင်ခြင်း၊ ဘုရားသခင်၏မေတ္တာတော်ကိုလေ့လာခြင်းများပြုလုပ်မည်။ ထိုအကြောင်းနှင့်ပတ်သက်သောကမ္ဘာသစ်အကြောင်းကို လမ်းညွှန် (၉) တွင်ပြန်လည်လေ့လာနိုင်ပါသည်။

ထိုနေ့တွင် သင်သည် မည်သည့်နေရာတွင်ရှိမည်နည်း။ သင်သည် ခရစ်တော်နှင့်အတူကယ်တင်ခြင်းခံရ၍ မြို့၏အတွင်းမှာထာဝရနေရမည်လော (သို့တည်းမဟုတ်) မြို့၏အပြင်ခရစ်တော်နှင့်အနီးဘဲ ထာဝရပျောက်ဆုံးခြင်းနှင့်မီးအိုင်တွင်းကျရောက်မည်လား။ သင်၏အသက်တာကို ခရစ်တော်အားပေးလှူအပ်နှံပါလျှင် ပြော၍မထွက်သောကြောက်မက်ဖွယ်ကောင်းသည့်မြို့ပြင်၌ရှိသောမီးအိုင်ထဲတွင်နေမည်လား။ ကျွန်တော်တို့နေရသောမည်သည့်ဘဝမှာမဆို ခရစ်တော်နှင့်အတူတွဲဖက်လမ်းလျှောက်မည်လော။ သင်မပြုလုပ်ခဲ့သေးလျှင် သင်၏ကိုယ်စိတ်နှစ်ဖြာကို ခရစ်တော်အားပေးအပ်၍ ခရစ်တော်သည်သူ၏မေတ္တာဖြင့် ကယ်တင်ခြင်းတရားကိုပေးမည်။ ဤအချက်သည်အခွင့်အရေးဖြစ်သည်။ ယနေ့သင်၏ကယ်တင်ခြင်းရောက်လာပြီ။

–၀–

## ရှာဖွေတွေ့ရှိခြင်း (၂၂) အဖြေလွှာ
## ဘုရားသခင်သည်မျှမျှတတရှိပါသလား

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။ အဖြေနှစ်ခုတွင်တစ်ခုမှားသည်။

၁။ ဖြောင့်မတ်သောသူ "ကောင်းချီးခံရ၍ သန့်ရှင်းသောသူ"

------ အနှစ်တစ်ထောင်အစ၌။

------ အနှစ်တစ်ထောင်အဆုံး၌။

* အပြစ်သားတို့သည်ထမြောက်ရှင်ပြန်လိမ့်မည်။

------ အနှစ်တစ်ထောင်အစတွင်။

------ အနှစ်တစ်ထောင်အဆုံးတွင်။

၂။ အနှစ်တစ်ထောင်အစသည်၊

------ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းအချိန်။

------ အေဒီနှစ် ၂၀၁၀ ခုနှစ်တွင်။

* ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ အသက်ရှင်၍သန့်ရှင်းသောသူတို့သည်၊

------ မိုးတိမ်ကိုစီးလျက် ခရစ်တော်နှင့်သွား၍တွေ့ဆုံမည်။

------ သူတို့သည် ခရစ်တော်ကြွလာခြင်း၏အလင်းဖြင့် ဖျက်ဆီးခြင်းခံရမည်။

* ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ခရစ်တော်၌သေလွန်သောသူတို့သည်၊

------ ထမြောက်ရှင်ပြန်မည်။ အသက်ရှင်၍ကျန်ကြွင်းသောသန့်ရှင်းသောသူတို့နှင့်အတူ မိုးတိမ်ကိုစီး၍ ကောင်းကင်သို့သွားမည်။

------ သင်္ချိုင်းတွင်ရှိနေမည်။

------ ပြောင်းလဲ၍အပြစ်မရှိဘဲ ထာဝရအသက်ရမည်။

* ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ အသက်ရှင်သောအပြစ်သားတို့သည်၊

------ ခရစ်တော်၏ကြွလာခြင်းအလင်းဖြင့်ဖျက်ဆီးခံရမည်။

------ ခရစ်တော်ကိုလက်ခံ၍ ကောင်းကင်သို့ခေါ်ဆောင်ခြင်းခံရမည်။

၃။ အနှစ်တစ်ထောင်အချိန်အတွင်း စာတန်နတ်ဆိုးစုံစမ်းရန် လူဘာကြောင့်မရှိသနည်း။

------ စာတန်နတ်ဆိုးသည် ဤလောကတွင်ချည်နှောင်ခံရသောကြောင့်။

------ ဖြောင့်မတ်သောသူများကောင်းကင်တွင်ရှိသောကြောင့်။

------ အပြစ်သားများသေဆုံးသောကြောင့်။

------ အပြစ်သားများငရဲမီးတွင်ရှိသောကြောင့်။

၄။ အနှစ်တစ်ထောင်အချိန်အတွင်း ဖြောင့်မတ်သောသူသည် ကောင်းကင်တွင်ဘာကိုလုပ်ကိုင်ရမည်နည်း။
------ အပြစ်သားများတို့ကိုစီရင်ခြင်း။
------ ဗိမာန်တော်ကိုတည်ဆောက်ခြင်း။

၅။ အနှစ်တစ်ထောင်အဆုံးဒုတိယထမြောက်ခြင်းသည် အဘယ်သူများဖြစ်သနည်း။
------ အပြစ်ရှိ၍သေနေသောသူများ။
------ သန့်ရှင်း၍သေနေသောသူများ။

* အနှစ်တစ်ထောင်ပြီးဆုံးသောအခါ အောက်ပါအရာတို့သည် မြေကြီးပေါ်သို့ဆင်းသက်ကြွလာမည်။
------ ယေရုရှလင်မြို့သစ်။ ------ စာတန်နတ်ဆိုး။
------ ကယ်တင်ခြင်းခံရသူများ။ ------ ခရစ်တော်ဘုရား။

၆။ ယေရုရှလင်မြို့သစ်သည် မြေကြီးပေါ်သို့ဆင်းသက်လာသောအခါ အသက်ရှင်သောသူများတို့သည် စာတန်နတ်ဆိုးမှားကြောင်းကိုပြောပြသက်သေခံ၍ ဘုရားသခင်သည် တရားစီရင်ခြင်းအမှု၌ အမှန်တကယ်ဖြောင့်မတ်ကြောင်း၊ တရားမျှတကြောင်းသက်သေခံလိမ့်မည်။
------ ကယ်တင်ခြင်းခံရသူ။ ------ ပျောက်ဆုံးသောလူ။
------ ကောင်းကင်တမန်များ။ ------ စာတန်နတ်ဆိုး။
------ အထက်ဖော်ပြပါပုဂ္ဂိုလ်များတစ်ဦးမျှမဟုတ်ပါ။

၇၊၈။ အနှစ်တစ်ထောင်ပြီးဆုံးသောကာလတွင် သင်သည်မည်သည့်ဘက်တွင်ပါဝင်လိုပါသနည်း။ ခရစ်တော်သည် ဤလောကမြေကြီးကိုမီးအားဖြင့် သန့်ရှင်းစွာဆေးကြော၍ နဂိုမူရင်းအတိုင်း ကမ္ဘာသစ်ကိုပြန်လည်ပြုပြင်၍ ကယ်တင်ခြင်းခံရသောသူများနေရန် ကာလအစဉ်အဆက်အတွက်ဖြစ်သည်။
------ မြို့အတွင်း၌ ခရစ်တော်နှင့်အတူနေ၍ ထာဝရလုံခြုံခြင်းရရှိမည်။
------ မြို့ပြင်၌ခရစ်တော်မရှိဘဲနေ၍ ထာဝရပျောက်ဆုံးခြင်းခံစားရမည်။

-o-

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**------------------------------
**လမ်းနှင့်အိမ်အမှတ်**-----------------------
**မြို့**----------------------------------
**နယ်**---------------------------------
**ကိုးကွယ်သည့်ဘာသာ**---------------------